**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ( ၁ / ၂၀၂၀ )**

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၂၄ ) ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်း နှင့် ပြည်ပနိုင်ငံများတွင်ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများ အတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့စွဲပါစာအမှတ်၊ ၁၄ ခ ၉၈ (မူ) (၂၂၈၃) ဖြင့် အကြောင်းကြားထုတ်ပြန်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအတွင်း ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် ကုန်စည်ပြပွဲလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ရေးဆွဲ၍ နိုင်ငံတော်သမ္မတရုံးသို့ ၄-၅-၂၀၁၂ ရက်နေ့တွင် တင်ပြအတည်ပြုပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏၂၀၁၂ ခုနှစ်၊ ဇူလိုင်လ( ၁၆ ) ရက်နေ့စွဲပါ စာအမှတ်၊ စက-၁၄/ ၂-၄၉/ ၂၀၁၂ ( ၂ ) ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံးနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ဖြန့်ဝေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို လက်ရှိပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် စာပိုဒ်(၆)၊ (၇)၊ (၉) တို့အား ပြင်ဆင်ရေးဆွဲ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ ( ၁၄-၉-၂၀၂၀ )နေ့တွင် တင်ပြအတည်ပြုပြီး စီးပွားရေးနှင့်ကူးသန်းရောင်း

ဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၇) ရက်၊ နေ့စွဲပါ စာအမှတ် ၊ စက-၁၅/၅-၃၄/၂၀၂၀(၁၂) ဖြင့် စစ်ဆေးမှုကြာမြင့်ချိန်ကိုလျှော့ချခြင်း၊ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း အသိပေးထုတ်ပြန်လိုက်ပါသည်-

**ခွင့်ပြုချက်တောင်းခံခြင်း**

- **လုပ်ထုံးလုပ်နည်းစာပိုဒ်(၆)**

**ယခင်** ပြပွဲခွင့်ပြုမိန့်ရရှိရေးအတွက် အထက်အပိုဒ်(၅)၊ အပိုဒ်ခွဲ(က) မှ(ဂ)အထိ ဖော်ပြထားသည့် ပြည်ပမှလာရောက်ပြသသော ကုန်စည်ပြပွဲများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အချက်အလက်ပြည့်စုံစွာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အနည်းဆုံး(၂)လကြိုတင် တင်ပြပြီး ခွင့်ပြုမိန့်များတောင်းခံကြရန်ဖြစ်ပါသည်။ ထို့အပြင် အပိုဒ်ခွဲ(ဃ)တွင်ဖော်ပြထားသော ပြည်တွင်းကုန်စည်ပြပွဲများကိုမူ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များတွင် ကျင်းပခွင့်ရယူကြရန်ဖြစ်ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြပွဲကျင်းပမည့် အခြေအနေနှင့် ပြပွဲကျင်းပပြီးနောက် အခြေအနေများကို တာဝန်ယူကျင်းပသည့် အဖွဲ့အစည်း၊ ကုမ္ပဏီတို့က အစီရင်ခံစာ အကျဉ်းချုပ်ပြုစုတင်ပြကြရန်ဖြစ်ပါသည်။

**( အစား )**

**ယခု** ပြည်ပမှတစ်နိုင်ငံချင်း လာရောက်ပြသသောကုန်စည်ပြပွဲ၊ ပြည်ပမှနိုင်ငံစုံလာရောက် ပြသသောကုန်စည်ပြပွဲ၊ ပြည်တွင်း နှင့်ပြည်ပပေါင်းစပ်ပြသသော ကုန်စည်ပြပွဲများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အချက်အလက်ပြည့်စုံစွာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ (တစ်လ) ကြိုတင် တင်ပြပြီး ပြပွဲခွင့်ပြုမိန့်များ တောင်းခံရန်ဖြစ်ပါသည်။ ပြည်တွင်းကုမ္ပဏီများ၊ လုပ်ငန်းရှင်များ စုပေါင်းပြသသောပြည်တွင်းကုန်စည်ပြပွဲကိုမူ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင် ပြပွဲကျင်းပခွင့် ခွင့်ပြုမိန့်တောင်းခံရန်ဖြစ်ပါသည်။

**ခွင့်ပြုမိန့်များထုတ်ပေးခြင်း**

- **လုပ်ထုံးလုပ်နည်းစာပိုဒ်(၇)**

**ယခင်** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာကြီးကြပ်မှုကော်မတီကိုဖွဲ့စည်း၍ ကုန်စည်ပြပွဲများကျင်းပခွင့် ကို ခွင့်ပြုမိန့်များထုတ်ပေးမည်ဖြစ်ပါသည်။

**( အစား )**

**ယခု** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့် တင်ရေးအဖွဲ့သည် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကုန်စည်ပြပွဲများကျင်းပခွင့်ကို ခွင့်ပြုမိန့်များထုတ်ပေးမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအတွင်းကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်း**

- **လုပ်ထုံးလုပ်နည်းစာပိုဒ်(၉)**

**ယခင်** ကုန်စည်ပြပွဲကျင်းပမည့်ဝန်ကြီးဌာနများ၊အဖွဲ့အစည်းများသည် ကုန်စည် ပြပွဲတွင် ခင်းကျင်းပြသရန်အတွက်ပြည်ပမှ တင်သွင်းသည့်ပစ္စည်းများကို အကြိမ်ကြိမ် အလီလီတင်ပြခြင်းမပြုဘဲ တစ်ကြိမ်တည်းဖြင့် ကုန်စည်ပြပွဲမကျင်းပမီ အနည်းဆုံး တစ်လ (တစ်လ)ကြိုတင် တင်ပြလျှောက်ထားရမည်။

**( အစား )**

**ယခု** ကုန်စည်ပြပွဲကျင်းပမည့်ဝန်ကြီးဌာနများ၊အဖွဲ့အစည်းများသည် ကုန်စည် ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများကို ကုန်စည်ပြပွဲ မကျင်းပမီ (တစ်လ)ကြိုတင် တင်ပြလျှောက်ထားရမည်။

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**